# ပြည်ထောင်စု မြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက-၁/မ-၉၈၂/၉၉ ( ၂၂၅၉ )။
ရက်စွဲ၊ ၁၉၉၉ခုနှစ်၊ မေလ ၂၁ ရက်။

## ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သို့
## တင်ပြသည့်အမှာစာ

အကြောင်းအရာ။ ဘူးဂါး ကုမ္ပဏီ လီမိတက် မှ သစ်အခြေခံ တန်ဖိုးမြှင့် ကုန်ချောပစ္စည်းများ နှင့် ပရိဘောဂ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်း ကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော ဘူးဂါး ကုမ္ပဏီ လီမိတက် (Bu Ga Co., Ltd.) မှ သစ်အခြေခံ တန်ဖိုးမြှင့် ကုန်ချောပစ္စည်းများ နှင့် ပရိဘောဂ ထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာ နိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြု တင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို (၁၄-၅-၉၉) နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၈/၉၉)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ လုပ်ငန်းဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး၊ အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြခြင်း ဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ရွှေ့ဆိုင်း ငွေပေးချေခြင်းစနစ် သဘောတူစာချုပ် (မူကြမ်း) နှင့် မြေငှားစာချုပ် (မူကြမ်း) တို့ကို နောက်ဆက်တွဲ(၁) အဖြစ် ပေးပို့ထားပါသည်။

၂။ ယင်းလုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ (၀.၆၉)သန်း အပါအဝင် ကျပ် (၅၈.၁၀)သန်း ဖြစ်ပါသည်။ ယင်းတွင် ငွေသား ကျပ် (၃.၀၀)သန်း {ကိုယ်ပိုင် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ (၀.၂၀)သန်း အပါအဝင်}၊ စက်ပစ္စည်း တန်ဖိုး ကျပ် (၇.၈၁)သန်း {အမေရိကန် ဒေါ်လာ (၀.၄၉)သန်း အပါအဝင်}၊ အဆောက်အဦ တန်ဖိုး ကျပ် (၄၆.၇၉)သန်း၊ ပရိဘောဂ နှင့် လုပ်ငန်းသုံးပစ္စည်း တန်ဖိုး ကျပ် (၀.၅၀)သန်းကို ထည့်ဝင် ရင်းနှီးမည် ဖြစ်ပါသည်။ စက်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming Yunnan ရှိ Yunnan Yunsen Industrial General Co. မှ ရွှေ့ဆိုင်း ငွေပေးချေခြင်းစနစ်ဖြင့် ရယူမည်ဖြစ်ပြီး အတိုးနှုန်း (၅)ရာခိုင်နှုန်းဖြင့် (၄)နှစ် အတွင်း ပြန်လည် ပေးဆပ်ရမည် ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် လ/န (၃၉) အရ၊ ကေအိုင်အို (မဟို) စီးပွားရေး အဖွဲ့သို့ ပရိဘောဂစက်ရုံ တည်ဆောက်ရန် ချထားပေးသော ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ ကျခန်းဒတ်ကျေးရွာ ရှိ မြေ (၃.၄၄)ဧက (၁၃၉၂၀.၂၀ စတုရန်းမီတာ) ကို ငှါးရမ်း၍ လုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ ယင်းလုပ်ငန်း၏ ပုံမှန်နှစ်ရှိ ထုတ်လုပ်မှု နှင့် ရောင်းဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ပြည်တွင်းရောင်း | | ပြည်ပရောင်း | |
|---|---|---|---|---|---|---|
| | | | အရေအတွက် | ရောင်းဈေးနှုန်း (ကျပ်) | အရေအတွက် | ရောင်းဈေးနှုန်း (US$) |
| ၁။ | Flooring | တန် | ၂၀၀ | ၆၁၅၀၀ | ၂၀၀ | ၁၉၀၀ |
| ၂။ | PTG | တန် | ၁၀၀ | ၆၁၅၀၀ | ၁၅၀ | ၂၂၀၀ |
| ၃။ | Student Chair | ယူနစ် | ၁၀၀၀၀ | ၂၁၆၀ | | |
| ၄။ | Combine Desk | ။ | ၈၀၀၀ | ၃၉၆၀ | | |
| ၅။ | Black Board (W/Stand) | ။ | ၇၅၀၀ | ၂၆၀၀ | | |
| ၆။ | Double Desk & Bench | ။ | ၁၀၀၀ | ၄၀၂၀ | | |
| ၇။ | Practical Table | ။ | ၂၀၀၀ | ၂၄၀၀ | | |
| ၈။ | Garden Table | ။ | | | ၃၀၀၀ | ၇၀ |
| ၉။ | Garden Chair | ။ | | | ၆၀၀၀ | ၂၅ |
| ၁၀။ | Dining Table | ။ | | | ၃၀၀၀ | ၇၀ |
| ၁၁။ | Dining Chair | ။ | | | ၆၀၀၀ | ၂၅ |
| ၁၂။ | Kitchen Furniture | ။ | | | ၃၀၀၀ | ၃၂၀ |
| ၁၃။ | Cabinet | ။ | | | ၄၀၀၀ | ၁၃၀ |

၅။ ယင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင်ရရှိမည့် ဝင်ငွေ နှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(ကျပ်သန်း)

| | | ပြည်တွင်း | နိုင်ငံခြား | စုစုပေါင်း |
|---|---|---|---|---|
| (က) | ဝင်ငွေ | ၁၀၀.၀၅ | ၁၃.၀၆ | ၁၁၃.၁၁ |
| (ခ) | အသုံးစရိတ် | ၉၅.၈၆ | ၁၀.၈၅ | ၁၀၆.၇၁ |
| (ဂ) | အသားတင်အမြတ် | ၄.၁၉ | ၂.၂၁ | ၆.၄၀ |

၆။ ယင်းလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| | | | |
|---|---|---|---|
| (က) | ဝင်ငွေခွန် | ကျပ် | ၁,၈၀ သန်း |
| | | အမေရိကန်ဒေါ်လာ | ၀,၀၇ သန်း |
| (ခ) | ကုန်သွယ်လုပ်ငန်းခွန် | ကျပ် | ၂၅.၀၁ သန်း |

၇။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း (၅၄)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၈။ ယင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် သစ်တောရေးရာ ဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် တောင်းခံခဲ့ရာ သစ်တောရေးရာ ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် "မူဘောင်" အတွင်းမှ ဆောင်ရွက်သွားမည် ဆိုပါက ကန့်ကွက်ရန် မရှိပါကြောင်း ပြန်ကြားထားပါသည်။

၉။ ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ပြီး၊ နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှုမရှိကြောင်း၊ ပြည်ပသို့ တင်ပို့ရန် ဈေးကွက်ရှိပြီး ဖြစ်ကြောင်း၊ မြေယာနှင့် ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းသည့် စည်းကမ်းများကို လိုက်နာမည် ဖြစ်ကြောင်း၊ လုပ်ငန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်စေရန် နှင့် မီးဘေး အန္တရာယ် မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက် ထားမည်ဖြစ်ကြောင်း၊ ရွှေ့ဆိုင်း ငွေပေးချေခြင်းစနစ် အရ ဝယ်ယူသော စက်ပစ္စည်းတန်ဖိုးများကို ပြန်လည် ပေးဆပ်ရာတွင် အဆိုပြုလုပ်ငန်းမှ ရရှိသည့် တရားဝင် နိုင်ငံခြားငွေ ဖြင့်သာ ပေးဆပ်မည် ဖြစ်ကြောင်း နှင့် ယင်းလုပ်ငန်းသည် လုပ်ငန်း အသစ်ဖြစ်ကြောင်း ဝန်ခံကတိ ပြုထားပါသည်။

၁၀။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်း စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည်ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန် ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ်ခဲ့ပါသည်။

၁၁။ <u>ဆုံးဖြတ်ရန်အချက်။</u>

(က) ဘူးဂါး ကုမ္ပဏီ လီမိတက် မှ သစ်အခြေခံ ဂန်ဖိုးမြင့် ကုန်ချောပစ္စည်းများ နှင့် ပရိဘောဂ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ–မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ–မတူ။

၁၂။ <u>မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။</u>

အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို နာခံအပ်ပါသည်။

( ဒုတိယဗိုလ်မှူးချုပ် မောင်မောင် )
ဝန်ကြီး
နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌရုံး
နှင့်
အတွင်းရေးမှူး
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်။

<u>ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့။</u>

(၇.၅.၉၉) ၈/၉၉ MIC

၈/၉၉ MIC



ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက-၆(ခ)/၉၀၂/၉၉(၁၄၉၉)၊
ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ မေလ ၄ ရက်။

အမှာစာ

အကြောင်းအရာ။ ။ ဘူးဂါးကုမ္ပဏီလီမိတက်မှ သစ်အခြေခံတန်ဖိုးမြင့် ကုန်ချောပရိဘောဂထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော ဘူးဂါးကုမ္ပဏီလီမိတက်( Bu Ga Co., Ltd )မှ သစ်အခြေခံတန်ဖိုးမြင့် ကုန်ချောပရိဘောဂများနှင့်ပရိဘောဂ ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြုတင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို(၃၀-၄-၉၉) နေ့တွင် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇/၉၉)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာယင်းအစည်းအဝေးမှ လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် မူအားဖြင့် သဘောတူပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်အရတင်ပြခြင်းဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ငွေရှိုင်းငွေပေးချေခြင်းစနစ်သဘောတူစာချုပ်(မူကြမ်း)၊ မြေငှားစာချုပ်(မူကြမ်း)နှင့်ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများကို နောက်ဆက်တွဲ(၁)တွင် တင်ပြထားပါသည်။

၂။ ယင်းလုပ်ငန်း၏မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ(၀.၆၉)သန်းအပါအဝင် ကျပ်(၅၇.၁၀)သန်းဖြစ်ပါသည်။ ယင်းတွင် ငွေသားကျပ်(၃.၀၀)သန်း[ကိုယ်ပိုင် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ(၀.၂၀)သန်းအပါအဝင်]၊ စက်ပစ္စည်းတန်ဖိုးကျပ်(၇.၀၁)သန်း[အမေရိကန်ဒေါ်လာ(၀.၄၉)သန်းအပါအဝင်]၊ အဆောက်အဦတန်ဖိုးကျပ်(၄၆.၇၉)သန်း၊ လုပ်ငန်းသုံးနှင့်ပရိဘောဂပစ္စည်းများကျပ်(၀.၅၀)

သန်းကို ထည့်ဝင်ရင်းနှီးမည်ဖြစ်ပါသည်။ စက်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming Yunnan ရှိ Yunnan Yunsen Industrial General Co., မှ ရွှေဆိုင်းငွေပေးချေခြင်းစနစ်ဖြင့် ရယူမည်ဖြစ်ပြီး အတိုးနှုန်း(၅) ရာခိုင်နှုန်းဖြင့်(၄) နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် လ/န(၃၉)အရ ကေအိုင်အို(ဗဟို) စီးပွားရေးအဖွဲ့သို့ ပရိဘောဂစက်ရုံတည်ဆောက်ရန် ချထားပေးသော ကချင်ပြည်နယ် ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ကျခန်း ဒတ်ကျေးရွာ ရှိ မြေ(၃.၄၄)ဧက(၁၃၉၂၁.၂၀ စတုရန်းမီတာ)ကို ငှားရမ်း၍ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ယင်းလုပ်ငန်း၏ ပုံမှန်နှစ်ရှိ ထုတ်လုပ်မှုနှင့်ရောင်းဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ပြည်တွင်းရောင်း | | ပြည်ပရောင်း | |
|---|---|---|---|---|---|---|
| | | | အရေအတွက် | ရောင်းဈေးနှုန်း(ကျပ်) | အရေအတွက် | ရောင်းဈေးနှုန်း(USD) |
| ၁ | Flooring | တန် | ၂၀၀ | ၆၁၅၀၀ | ၂၀၀ | ၁၉၀၀ |
| ၂ | PTG | တန် | ၁၀၀ | ၆၁၅၀၀ | ၁၅၀ | ၂၂၀၀ |
| ၃ | Student Chair | ယူနစ် | ၁၀၀၀၀ | ၂၁၆၀ | | |
| ၄ | Combine Desk | ယူနစ် | ၈၀၀၀ | ၃၉၆၀ | | |
| ၅ | Black Board(W/Stand) | ။ | ၇၅၀၀ | ၂၆၀၀ | | |
| ၆ | Double Desk & Bench | ။ | ၁၀၀၀ | ၄၀၂၀ | | |
| ၇ | Practical Table | ။ | ၂၀၀၀ | ၂၄၀၀ | | |
| ၈ | Garden Table | ။ | | | ၃၀၀၀ | ၇၀ |
| ၉ | Garden Chair | ။ | | | ၆၀၀၀ | ၂၈ |
| ၁၀ | Dining Table | ။ | | | ၃၀၀၀ | ၇၀ |
| ၁၁ | Dining Chair | ။ | | | ၆၀၀၀ | ၂၅ |
| ၁၂ | Kitchen Furniture | ။ | | | ၃၀၀၀ | ၃၂၀ |
| ၁၃ | Cabinet | ။ | | | ၄၀၀၀ | ၁၃၀ |

၅။ ယင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ရရှိမည့် ဝင်ငွေနှင့်အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကျပ်သန်း)

| | ပြည်တွင်း | နိုင်ငံခြား | စုစုပေါင်း |
|---|---|---|---|
| (က) ဝင်ငွေ | ၁၀၀.၀၅ | ၁၃.၀၆ | ၁၁၃.၁၁ |
| (ခ) အသုံးစရိတ် | ၉၅.၈၆ | ၁၀.၈၅ | ၁၀၆.၇၁ |
| (ဂ) အသားတင်အမြတ် | ၄.၁၉ | ၂.၂၁ | ၆.၄၀ |

၆။ ယင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့်အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဝင်ငွေခွန် ကျပ် ၁.၈၀ သန်း
အမေရိကန်ဒေါ်လာ ၀.၀၇ သန်း
(ခ) ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၂၅.၀၁ သန်း

၇။ ယင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း (၅၄) ဦးကို ခန့်ထားဆောင်ရွက်မည်ဖြစ်ပါသည်။

၈။ ယင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် သစ်တောရေးရာဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ရာ သစ်တောရေးရာဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ``မူဘောင်`` အတွင်း ဆောင်ရွက်သွားမည်ဆိုပါက ကန့်ကွက်ရန် မရှိပါကြောင်းပြန်ကြားထားပါသည်။

၉။ ယင်းလုပ်ငန်း၏ ငွေရေးကြေးရေးဆိုင်ရာအထောက်အထားအဖြစ် ကမကထပြုသူ ဦးလဂျာ ၏ ရိုးမဘဏ်လီမိတက် ငွေစာရင်းနှင့် ဘူးဂါးကုမ္ပဏီလီမိတက်၏ ငွေရေးကြေးရေးနှင့်ပတ်သက်၍ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ ထောက်ခံချက်အား တင်ပြထားပါသည်။

၁၀။ ယင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် မော်တော်ယာဉ်တင်သွင်းခွင့်နှင့်ပတ်သက်၍ တည်ဆောက်ရေးကာလအတွင်း Wagon တစ်စီးနှင့် Truck တစ်စီးကို အခွန်အကောက်ကင်းလွတ်ခွင့်ဖြင့်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ချိန်တွင် Pick-up တစ်စီးနှင့် Truck တစ်စီးကို အခွန်အကောက် (၅၀) ရာခိုင်နှုန်းသက်သာခွင့်ဖြင့်လည်းကောင်း တင်သွင်းခွင့်ပြုရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇/၉၉) ကြိမ်မြောက် ကြိုတင်ညှိနှိုင်းအစည်းအဝေးမှ ဆုံးဖြတ်ခဲ့ပါသည်။

၁၁။ ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသား များသာလျှင် ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ပြီး နိုင်ငံခြားမှ မည်သူမျှပိုင်ဆိုင်မှုမရှိကြောင်း၊ ထွက်ရှိသော ကုန်ချောများတင်ပို့ရန် နိုင်ငံခြားဈေးကွက်ရှိပြီးဖြစ်ကြောင်း လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပွား စေရန်နှင့် မီးဘေးအန္တရာယ်မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်မှုများဆောင်ရွက်ထားမည်ဖြစ်ကြောင်း၊ ပြည်ပမှ တင်သွင်းမည့်စက်ပစ္စည်း များအတွက်ထွက်ရှိသော ကုန်ချောများဖြင့် ပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်းနှင့် ယင်းလုပ်ငန်းသည် လုပ်ငန်းအသစ်ဖြစ်ကြောင်း ဝန်ခံကတိပြုထားပါသည်။

၁၂။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ အရ အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃) နှစ်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးရမည်ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကို တောင်းခံထားရာ ယင်းအပေါ် သုံးသပ်တင်ပြချက်ကို ပူးတွဲ တင်ပြထားပါသည်။

၁၃။ <u>ဆုံးဖြတ်ရန်အချက်။</u>

(က) ဘုရားဂါးကုမ္ပဏီလီမိတက်မှ သစ်အခြေခံတန်ဖိုးမြှင့် ကုန်ချောပစ္စည်းများနှင့် ပရိဘောဂထုတ်လုပ်ခြင်းလုပ်ငန်း ကို ဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်း ကို ခွင့်ပြုရန် သဘောတူ - မတူ။

(ခ) သဘောတူပါက အထက်အပိုဒ်(၁၂)ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ကို ခံစားခွင့်ပြုရန် သဘောတူ - မတူ။

အတွင်းရေးမှူး(ကိုယ်စား)

[မောင်မောင်ရီ၊ တွဲဖက်အတွင်းရေးမှူး]

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။



* စိန် ၄-၅-၉၉။

ပူးတွဲ

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၃အရ အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ ရရှိရေးအတွက် လျှောက်ထားချက်အပေါ် အောက်ပါအတိုင်း သုံးသပ်တင်ပြပါသည်။

- ဥပဒေပုဒ်မ ၁၃ (က)အရလုပ်ငန်း၏ရင်းနှီးမြှုပ်နှံမှုတွင်ပါဝင်သောနိုင်ငံခြားငွေပမာဏအပေါ် မူတည်၍ ဝင်ငွေခွန်သက်သာခွင့်နှင့်ပတ်သက်၍ကနဦး ရင်းနှီးမြှုပ်နှံမှုကာလ အတွင်း နိုင်ငံခြားငွေဖြင့်ရင်းနှီး မြှုပ်နှံသည့်ပမာဏကိုဖော်ပြလျက် ကော်မရှင်သို့ လျှောက်ထားလာသည့်အခါစဉ်းစားခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃(ခ)အရလုပ်ငန်းမှပြည်ပသို့တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေဖြင့်ရရှိသည့်အမြတ်ငွေအပေါ် (၅၀%) ဝင်ငွေခွန်သက်သာခွင့်နှင့်ပတ်သက်၍လုပ်ငန်း၏အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေကိုဖော်ပြလျှက်ပထမဝင်ငွေခွန်ကင်းလွတ်ခွင့်( ၃ )နှစ်ခံစားပြီးနောက် ကော်မရှင်သို့ လျှောက်ထားလာသည့်အခါစဉ်းစားခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃( ဂ )အရကုန်ထုတ်လုပ်မှုကြောင့်ပြည်တွင်း၊ ပြည်ပဝင်ငွေတိုးတက်မှုရှိပါကသတ်မှတ်ချက်နှင့်အညီဝင်ငွေခွန်သက်သာခွင့်ကိုလုပ်ငန်းအကောင်အထည်ဖော်မှုအရ လျှောက်ထားလာသည့်အခါစဉ်းစားခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃( ဃ )အရသွင်းကုန်အစားထိုး လုပ်ငန်းအဖြစ်အကျိုးအမြတ်နည်းသည့်လုပ်ငန်းအပေါ်သင့်လျော်သောကာလအထိဝင်ငွေခွန်သက်သာခွင့်တောင်းခံခြင်းတို့အကျုံးဝင်ခြင်း မရှိဟုသုံးသပ်ရပါသည်။



*·ငွေး

- ဥပဒေပုဒ်မ ၁၃ (စ) အရ လုပ်ငန်းမှ ရရှိသည့်အမြတ်ငွေကို တစ်နှစ်အတွင်း ပြန်လည်ရင်းနှီးမြှုပ်နှံပါက ထိုအမြတ်ငွေပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို အမှန်တကယ်ပြန်လည်ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါ လျှောက်ထားလာပါက ခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃ (ဆ) အရ လုပ်ငန်းသုံး မတည်ပစ္စည်းများအပေါ် တန်ဖိုးလျော့ငွေကို သတ်မှတ်သည့်နှုန်းအတိုင်း နှစ်တိုတိုနှင့် မူလတန်ဖိုး ပြည့်မီသည်အထိ အမြန်လျော့ငွေမှ နှုတ်ပယ်ခွင့်နှင့် ပတ်သက်၍ လျှောက်ထားလာသည့်အခါ ကော်မရှင်မှ သတ်မှတ်သည့် နှုန်းအတိုင်း ခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃ (ဇ) အရ ကနဦး ရင်းနှီးမြှုပ်နှံမှုကာလ အတွင်း တင်သွင်းလာသည့်စက်ပစ္စည်းများ အပေါ် အကောက်ခွန်နှင့် အခြားပြည်တွင်း အခွန်အကောက်များ ကင်းလွတ်ခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃ (ဈ) အရ ကနဦး ရင်းနှီးမြှုပ်နှံမှုကာလ ကုန်ဆုံး၍ ပထမ (၃) နှစ်အတွက် တင်သွင်းသည့် လုပ်ငန်းသုံးပစ္စည်းများ အပေါ်တွင် အကောက်ခွန်နှင့် အခြားပြည်တွင်း အခွန်အကောက်များ ကင်းလွတ်ခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃ (ည) အရ ထုတ်လုပ်မည့်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရောင်းချမှုအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ကို ခွင့်ပြုသင့်ပါသည်။

(၃၀.၄.၉၉) ၃/၉၉ ကော်/ဆုံ

ပုံ-၄က

လုပ်ငန်း စီမံကိန်း အဆိုပြုချက်၏အဓိကအချက်များ

(မြန်မာနိုင်ငံသား များ ရင်း နှီး မြှုပ်နှံမှုဥပဒေအရ)

| | | |
|---|---|---|
| ၁။ | ကုမ္ပဏီအမည် | - ဘူးဂါးကုမ္ပဏီလီမိတက်<br>(Bu Ga Co., Ltd )<br>( ၁၆-၂-၉၅ နေ့တွင် မှတ်ပုံတင်ပြီး) |
| ၂။ | လုပ်ငန်းအဆိုပြုသူအမည် | - ဒေါက်တာလရှာ |
| ၃။ | အဆိုပြုလုပ်ငန်းအမျိုးအစား | - သစ်အခြေခံတန်ဖိုးမြှင့်ကုန် ချောပစ္စည်းများနှင့် ပရိဘောဂထုတ်လုပ်ခြင်း။ |
| ၄။ | တည်နေရာ | - ကွင်းအမှတ်၊ အိုအက်စ်အက်စ်၊ကျွန်းဒတ်ကျေးရွာ၊ မှိုးမေ့ကက်မြို့နယ်၊ ဗန်းမော်ခရိုင်၊ကချင်ပြည်နယ်။ |
| ၅။ | ရရှိပေါင်းရင်းနှီးမြှုပ်နှံမှု<br>- ငွေသား<br>- စက်ပစ္စည်း<br>- အဆောက်အဦ<br>- လုပ်ငန်းသုံးနှင့်ပရိဘောဂ ပစ္စည်း | ကျပ်၅၇၈.၁၀သန်း(US$ ၀.၆၉သန်းအပါအဝင်)<br>ကျပ် ၃.၀၀သန်း(US$ ၀.၂၀သန်းအပါအဝင်)<br>ကျပ် ၇.၈၁သန်း(US$ ၀.၄၉သန်းအပါအဝင်)<br>- ကျပ်၄၆.၇၉သန်း<br>- ကျပ် ၀.၅၀သန်း |
| ၆။ | မြေအကြောင်းအရာ<br>- မြေအကျယ်အဝန်း<br>- မြေပိုင်ဆိုင်မှု<br><br>- မြေအမျိုးအစား | <br>- ၃.၄၄ဧက(၁၃၉၂၁.၂၀စတုရန်းမီတာ)<br>- ကေအိုင်အိုဗတိုစီးပွားရေးအဖွဲ့သို့ ပရိဘောဂစက်ရုံ တည်ဆောက်ရန် လန(၃၉)အရ ချထားပေးသော မြေ<br>- လ/န(၃၉) |

| ၇။ ထုတ်လုပ်မှု(ပုံမှန်နှစ်) | ရေတွက်ပုံ | ပြည်တွင်းရောင်း | ပြည်ပရောင်း |
|---|---|---|---|
| - Flooring | တန် | ၂၀၀ | ၂၀၀ |
| - PTG | တန် | ၁၀၀ | ၁၅၀ |
| - Student Chair | ယူနစ် | ၁၀၀၀၀ | - |
| - Combine Desk | ယူနစ် | ၈၀၀၀ | - |
| - Black Board(W/Stand) | ယူနစ် | ၇၅၀၀ | - |
| - Double Desk & Bench | ယူနစ် | ၁၀၀၀ | - |
| - Practical Table | ယူနစ် | ၂၀၀၀ | - |
| - Garden Table | ယူနစ် | - | ၃၀၀၀ |
| - Garden Chair | ယူနစ် | - | ၆၀၀၀ |
| - Dining Table | ယူနစ် | - | ၃၀၀၀ |
| - Dining Chair | ယူနစ် | - | ၆၀၀၀ |

| | | | | |
|---|---|---|---|---|
| | -Kitchen Furniture | ယူနစ် | - | ၃၀၀၀ |
| | -Cabinet | ယူနစ် - | - | - ၄၀၀၀ |
| ၈။ | ရောင်းဈေးနှုန်း ( ပုံမှန်နှစ် ) | ပြည်တွင်းရောင်း | | ပြည်ပရောင်း |
| | | ( ကျပ် / တန် ) | | (US $/ တန် ) |
| | -Flooring | ၆၁၅၀၀ | | ၁၉၅၀ |
| | -PTG | ၆၁၅၀၀ | | ၂၂၀၀ |
| | | ( ကျပ် / ယူနစ် ) | | (US $ / ယူနစ် ) |
| | - Student Chair | ၂၁၆၀ | | - |
| | - Combine Desk | ၃၉၆၀ | | - |
| | - Black Board(W/Stand) | ၂၆၀၀ | | - |
| | - Double Desk & Bench | ၄၀၂၀ | | - |
| | - Practical Table | ၂၄၀၀ | | - |
| | - Garden Table | - | | ၇၀ |
| | - Garden Chair | - | | ၂၅ |
| | - Dining Table | - | | ၇၀ |
| | - Dining Chair | - | | ၂၅ |
| | - Kitchen Furniture | - | | ၃၂၀ |
| | - Cabinet | - | | ၁၃၀ |
| ၉။ | ရောင်းချမည့်စနစ် | Flooring နှင့် PTG | ကျောင်းသုံး ပရိဘောဂ | အိမ်သုံး ပရိဘောဂ |
| | - ပြည်တွင်းရောင်း | ၅၀ % | ၁၀၀ % | - |
| | - ပြည်ပရောင်း | ၅၀ % | - | ၁၀၀ % |
| ၁၀။ | ဝင်ငွေ ( ပုံမှန်နှစ် ) | | | |
| | - ပြည်တွင်းရောင်း | - ကျပ် ၁၀၀.၀၅ သန်း | | |
| | - ပြည်ပရောင်း | - US$ ၂.၁၈ သန်း | | |
| ၁၁။ | အသားတင်အမြတ် ( ပုံမှန်နှစ် ) | | | |
| | - ပြည်တွင်းရောင်း | - ကျပ် ၄.၁၉ သန်း | | |
| | - ပြည်ပရောင်း | - US$ ၀.၃၇ သန်း | | |
| ၁၂။ | နိုင်ငံတော်မှ ပုံမှန်နှစ်တွင်ရရှိမည့်အကျိုးအမြတ် | | | |
| | - ဝင်ငွေခွန် | - ကျပ် ၁.၈၀ သန်း | | |
| | | - US$ ၀.[illegible]၇ သန်း | | |
| | - ကုန်သွယ်လုပ်ငန်းခွန် | - ကျပ် ၂၅.၀၁ သန်း | | |

| | | |
|---|---|---|
| ၁၃။ | ဝန်ထမ်းအင်အား (ပြည်တွင်း) | - ၁၄ ဦး |
| ၁၄။ | အခြား | - စက်ပစ္စည်းကိရိယာများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming Yunnan - ရှိ Yunnan Yunsen Industrial General Company မှ ရွှေ့ဆိုင်းငွေပေးချေခြင်းစနစ်ဖြင့်ရယူမည်ဖြစ်ပြီး၊ အတိုးနှုန်း (၅) ရာခိုင်နှုန်းဖြင့် (၄) နှစ်အတွင်း ပြန်လည်ပေးဆပ်ရန် ဖြစ်ပါသည်။<br>- စက်ပစ္စည်းစာရင်းကို ပူးတွဲတင်ပြထားပါသည်။<br>- လုပ်ငန်းအတွက် လိုအပ်သောကျွန်းသစ်လုံးများအား မြန်မာ့သစ်လုပ်ငန်းမှလည်းကောင်း၊ ကိုင်းဖျားကိုင်းနားနှင့်သစ်မာကို သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းမှလည်းကောင်းဝယ်ယူမည်ဖြစ်ကြောင်းဖော်ပြထားပါသည်။<br>- ၎င်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင်ပိုင်ဆိုင်သောလုပ်ငန်းဖြစ်ပြီး၊ နိုင်ငံခြားမှမည်သူမျှ ပိုင်ဆိုင်မှုမရှိကြောင်း၊ ထွက်ရှိသော ကုန်ချောများတင်ပို့ရန် နိုင်ငံခြားဈေးကွက်ရှိပြီးဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပွားစေရန်နှင့်မီးဘေးအန္တရာယ်မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်မှုများဆောင်ရွက်ထားမည်ဖြစ်ကြောင်း၊ ပြည်ပမှတင်သွင်းမည့်စက်ပစ္စည်းများအတွက် ထွက်ရှိသော ကုန်ချောများဖြင့် ပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်းနှင့် ၎င်းလုပ်ငန်းသည်လုပ်ငန်းအသစ်ဖြစ်ကြောင်း ဝန်ခံကတိပြုထားပါသည်။<br>- ကချင်ပြည်နယ်၊ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ကန့်ကွက်ရန်မရှိပါကြောင်းပြန်ကြားထားပါသည်။<br>- သစ်တောရေးရာဝန်ကြီးဌာနမှ သတ်မှတ်ထားသော ``မူ`` ဘောင်အတွင်းမှ ဆောင်ရွက်သွားမည်ဆိုပါက ကန့်ကွက်ရန် မရှိကြောင်းပြန်ကြားထားပါသည်။ |



*ဗိန် ၂၃-၄-၉၉။